# ကာကွယ်ရေးဝန်ကြီးဌာန

## စစ်ရေးသတင်းအကျဉ်းချုပ်

Date – 3/3/2022

## စစ်ကောင်စီနှင့်တိုက်ပွဲဖြစ်ပွားမှု

### ကရင်နီ(ကယား)ပြည်နယ်

မတ်(၃)ရက်နေ့မနက်(၅)နာရီခန့်က ဒီးမော့ဆိုမြို့နယ်၊အနောက်ဖက်ခြမ်းရှိ ဆီးလီဒိုးကျေးရွာ အနီးတစ်ဝိုက်တွင် စကစတပ်သားအင်အား(၃၀၀)ခန့်ဖြင့် စစ်ကြောင်းနှစ်ကြောင်းခွဲကာ တင့်ကား၊ လက်နက်ကြီးပစ်ကူ အသုံးပြုပြီး ထိုးစစ်ဆင်လာသည့် စကစတပ်ကို ကရင်နီတပ်မတော်(KA)၊ KNDF၊ DMO-PDF၊ Loikaw PDF၊ အလယ်ပိုင်းတိုင်းအထူးစစ်ဆင်ရေးတပ်၊ညီနောင်မဟာမိတ်တို့ ပူးပေါင်းပြီး (၆)နာရီကြာတိုက်ပွဲ ပြင်းထန်ခဲ့သည်။

### စစ်ကိုင်းတိုင်း

မတ်(၃)ရက်နေ့၊နေ့လယ်(၁:၁၉)နာရီခန့်က ခင်ဦးမြို့နယ်၊ပျဉ်ထောင်ကျေးရွာမှလာသော စကစကား (၄)စီးကို ကံသစ်ကျေးရွာအနီးတွင် ဒေသကာကွယ်ရေးတပ်ဖွဲ့မှ မိုင်း(၄)လုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ရာ စကစကား (၃)စီး ထိမှန်ပြီး သေဆုံးမှုရှိခဲ့သည်။

### မကွေးတိုင်း

မတ်(၂)ရက်နေ့၊နေ့လယ်(၁:၁၀)နာရီခန့်က ရေစကြိုမြို့နယ်၊ ရေစကြိုမြို့အဝင်တွင် စကစကား(၁)စီးကို ပြည်သူ့ကာကွယ်ရေးအဖွဲ့(ရေစကြို)က မိုင်း(၂)လုံးဖြင့် မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ စကစတပ်သားများ ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

### မန္တလေးတိုင်း

မတ်(၃)ရက်နေ့မနက်(၁၀:၃၀)နာရီခန့်က ကျောက်ဆည်မြို့နယ်၊ ကျောက်ဆည်မြို့ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံးအား ကျောက်ဆည်ကာကွယ်ရေးတပ်ဖွဲ့(KDDF)အဖွဲ့မှ လက်ပစ်ဗုံး(၂)လုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

## စစ်ကောင်စီကျူးလွန်သော ရာဇဝတ်မှုများ

### ချင်းပြည်နယ်

မတ်(၂)ရက်နေ့က ဟားခါးမြို့နယ်တွင် စကစတပ်မှပစ်ခတ်နေသည့် လက်နက်ကြီးကြောင့် ရမ်ထလိုရွာရှိ နှစ်ခြင်းဘုရားကျောင်းတစ်ကျောင်း မီးလောင်ပျက်စီးကြောင်း သိရသည်။

*မြေပြင်သတင်းတာဝန်ခံများနှင့် သတင်းဌာနများမှ ဖော်ပြလာသော အချက်အလက်များအပေါ် အခြေခံပြုစုထားသည်။*

Date – 3/3/2022

## စစ်ကိုင်းတိုင်း

မတ်(၃)ရက်နေ့က ကျွန်းလှမြို့နယ်၊ဝေလမူကျေးရွာနှင့်ကုန်းစည်းရွာရှိ နေအိမ်နှင့်ဆိုင်ကယ်များကို စကစ တပ်သားများက မီးရှို့ဖျက်ဆီးခဲ့ပြီး ရွာသားများ ပိတ်မိနေခဲ့သည်။

## မကွေးတိုင်း

- မတ်(၃)ရက်နေ့မနက်ပိုင်းက ပေါက်မြို့နယ်၊လက်ပံလှကျေးရွာကို စကစတပ်သားများနှင့်ပျူစောထီးများက မီးရှို့ဖျက်ဆီးခဲ့သည်။
- မတ်(၂)ရက်နေ့ည(၉:၃၀)နာရီခန့်က ပေါက်မြို့နယ်၊ လယ်ယာရွာကို စကစတပ်သားများနှင့် ပျူစောထီးများမှ စစ်ကြောင်းထိုးဝင်ရောက်မွှေနှောက်ပြီး မီးရှို့ဖျက်ဆီးခဲ့သည်။
- မတ်(၂)ရက်နေ့မနက်ပိုင်းက ရေစကြိုမြို့နယ်၊ ကမ္ဘဲ့ကျေးရွာကို စကစတပ်သားများနှင့် ပျူစောထီးများမှ ဝင်ရောက်မွှေနှောက်ပြီး နေအိမ်များကို ဖျက်ဆီး၊ ပစ္စည်းဥစ္စာများကို ခိုးယူသည့်အပြင် တွေ့သမျှ ဆိုင်ကယ်များကို ဖျက်ဆီးကာ တဲတစ်လုံးကိုလည်း မီးရှို့ခဲ့သည်။
- မတ်(၁)ရက်နေ့က ဂန့်ဂေါမြို့နယ်တွင် စကစတပ်သားများနှင့်ပျူစောထီးအင်အား(၁၂၀)ခန့်က ကုန်းရွာမှ နေအိမ်(၃၆)လုံးကို မီးရှို့ခဲ့ပြီး စိတ်ကျန်းမာရေးချို့ယွင်းနေသည့် ပြည်သူ(၁) ဦးကို သတ်ပစ်ခဲ့ပြီးနောက် မြင်သားရွာမှ နေအိမ်(၂)လုံး မီးရှို့ခဲ့ပြီး ပျောက်ဆုံးပြည်သူ(၁)ဦး ရှိနေကြောင်း သိရသည်။

## မန္တလေးတိုင်း

- မတ်(၂)ရက်နေ့ညနေ(၄)နာရီခန့်က အမရပူရမြို့နယ်၊မှန်တန်းရပ်ကွက်ရှိ နေအိမ်တစ်အိမ်တွင် မန္တလေးပညာရေးဒီဂရီကောလိပ်၊ ကျောင်းသားများသမဂ္ဂ(ဗကသများအဖွဲ့ချုပ်) အတွင်းရေးမှူး မသိရီရတနာ၊ ဥက္ကဋ္ဌ မောင်အောင်မျိုးကိုနှင့် စဉ့်ကူးမြို့နယ်၊ မကွေးတရာကျေးရွာ၊ အမက(မူလွန်) ကျောင်းမှCDMကျောင်းဆရာကိုကျော်ဇင်လတ်တို့အား အကြမ်းဖက်စကစများက ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။
- မတ်(၂)ရက်နေ့ည(၈)နာရီခန့်က မဟာအောင်မြေမြို့နယ်၊(၄၁)လမ်းနှင့်(၄၂)လမ်းကြား၊(၈၈)လမ်းနှင့်(၈၉)လမ်းကြားရှိ လင်မယား(၂)ဦးအား စကစများမှ ကားကြီး(၁)စီးဖြင့် လာရောက်ဖမ်းဆီးသွားခဲ့သည်။

## ရန်ကုန်တိုင်း

- မတ်(၃)ရက်နေ့မနက်ပိုင်းက စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်ရှိ စကစ၏စစ်ကြောရေးတွင် မတရားသတ်ခံခဲ့ရသော အလွတ်တန်းသတင်းထောက် ကိုစိုးနိုင်၏နေအိမ်ကို စကစမှ ချိပ်ပိတ်ခဲ့ကြောင်း သိရသည်။
- မတ်(၂)ရက်နေ့မွန်းလွဲပိုင်းက ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ HIV ဝေဒနာသည် ကလေးငယ်များကို စောင့်ရှောက်ပေးနေသည့် (N.A.C)ဂေဟာ၏ စေတနာ့ဝန်ထမ်းတာဝန်ခံ ကိုရာဇာအား စကစမှ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။
- မတ်(၃)ရက်နေ့က အင်းစိန်မြို့နယ်၊ ဖော့ကန်၊ ရဲဘော်(၅)လမ်းမှ မိန်းကလေးတစ်ဦးအား စကစမှ ဖမ်းဆီးခဲ့သည်။

*မြေပြင်သတင်းတာဝန်ခံများနှင့် သတင်းဌာနများမှ ဖော်ပြလာသော အချက်အလက်များအပေါ် အခြေခံပြုစုထားသည်။*